## “လျှောင်ချိုင့်ထဲကတေး” အယ်လ်ဘမ် နဲ့ပတ်သက်၍...

၈၈ ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး နောက်ပိုင်း စစ်အစိုးရဲ့ အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ချပြီးရောက်ခဲ့ရတယ်။ ဖိနှိပ်ရက်စက်မှုတွေဟာ ကမ်းကုန်ပဲ။ ဖိနှိပ်မှုတွေ ပြင်းထန်လေလေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ လူထုနဲ့ တော်လှန်ရေးအပေါ်ထားတဲ့ သစ္စာတရားဟာ ပိုပြီးခိုင်မာလာလေလေဖြစ်ခဲ့တယ်။ အဲဒီ သစ္စာခိုင်ကြည်မှုတွေကြောင့်ပဲ သူတို့ ရင်ထဲက ဟောဒီတော်လှန်ရေးတေးသီချင်းတွေ ထွက်ပေါ်လာတယ်။ အဲဒီလို သီချင်းတွေကို စိတ်နဲ့ရေးဖွဲ့၊ ဦးနှောက်ဖြင့်မှတ်သား၊ နှုတ်နဲ့ လက်ဆင့်ကမ်းခဲ့ကြရင်း သူတို့တွေရဲ့ သီးချင်းသံတွေဟာ အကျဉ်းထောင်နံရံတွေကို ထိုးဖောက် ခင်ဗျားတို့ဆီ အရောက်ပို့နိုင်ဖို့ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ရဲ့ ‘ဘဝတက္ကသိုလ်တေးထုတ်လုပ်ရေး’ က ဒီ “လျှောင်ချိုင့်ထဲကတေး” သီချင်းအယ်လ်ဘမ် ကို ဂုဏ်ပြုထုတ်ဝေလိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေက သူတို့ကို နှိပ်စက်ကလူပြုနေတဲ့ အကျဉ်းထောင်ကြီးကို သူတို့ရဲ့ ဘဝတက္ကသိုလ်တဲ့၊ သူတို့ကိုယ် သူတို့ ခရီးသွားရဲဘော်တဲ့၊ လွတ်မြောက်သွားတဲ့ သူတို့ရဲ့ ရဲဘော်တွေကို မိုးသောက်ငှက်တဲ့၊ ရှစ်လေးလုံးဆိုတာ လက်နက်မဲ့တွေရဲ့ အောင်ပွဲတဲ့၊ လူထုခေါင်းဆောင်ဟာ ဒေါ်အောင်ဆန်းစုကြည်ပါတဲ့၊ ငြိမ်းချမ်းရေး အတွက် စစ်ပွဲတွေရပ်တန့်ဖို့ကိုလည်း တိုက်တွန်းခဲ့တယ်။

သံတိုင်နောက်က သီချင်းသံများကို ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိကြတဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင် ပြည်သူများနဲ့ မြန်မာပြည်ဒီမိုကရေစီရေးကို ထောက်ခံအားပေးနေကြတဲ့ ရဲဘော် မိတ်ဆွေများ အားလုံး မျှဝေခံစားနိုင်ဖို့ပါ...

ဘဝတက္ကသိုလ်တေးထုတ်လုပ်ရေး<br>
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

တေးအယ်ဘယ်လ် မှာယူလိုပါက –

**Thailand:** John Glenn: (66) 1 181 6458, aappb@cscoms.com,<br>
**India:** Ko Nyo (91), 981 0838322 depar02@gmail.com<br>
**Tokyo:** Phone Myint Htun (81) 90 4221 1988, myint@hpo.net<br>
**Washington, DC:** Aung Din (202) 223-0300, aungdin@uscampaignforburma.org<br>
**Oslo:** Kyaw Soe Lin: (47) 4151 5517, ayeburma@yahoo.com<br>
**Korea:** (82) 11 9723 4773, yannainghtun@yahoo.com<br>
သို့ မှာကြားနိုင်ပါတယ်။